**မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ**

**ကြားနာပွဲကျင်းပသည့်နေရာ - မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့**

တက်ရောက်သူ - ၁၂.၁၁.၂၀၁၈ (၁၃၀) ဦး၊ ၁၃.၁၁.၂၀၁၈ (၁၅၀) ဦး

ဆွေးနွေးသူ - ၁၂.၁၁.၂၀၁၈ (၁၂)ဦး၊ ၁၃.၁၁.၂၀၁၈ (၆)ဦး

အကြံပေးစာ - ၆ စောင်

## ရည်ရွယ်ချက်

၁။ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့ရှိ ကျောက်မျက်ရတနာ အသေးစားနှင့် လက်လုပ် လက်စား တူးဖော်သူများအတွက် အမှန်တကယ်လိုက်နာကျင့်သုံးနိုင်သော ဥပဒေ တစ်ရပ် ပေါ်ထွန်း လာစေရေးအတွက်ရည်ရွယ်ပါသည်။

## အဓိပ္ပာယ်ဖွင့်ဆိုချက်

၂။ လက်လုပ်လက်စားနှင့် ပတ်သက်၍ ဒေသခံများမှ အကြံပြုရာ၌ ပေါက်ထမ်းဆေး၊ လေးပင်၊ ကိုးပင်၊ တွင်းလုံး၊ မျှော၊ အင်းဖြဲ၊ သံတူရွင်း၊ ပေါက်ပြား၊ ရေစုပ်စက်မျှသာ အသုံးပြုပြီး အကြီးစား စက်ယန္တရားများ၊ စက်ပစ္စည်းကိရိယာများ အသုံးမပြုသော လုပ်ငန်းကို ခေါ်တွင်စေလိုပါသည်။ ရေစုပ်စက်ဆိုရာတွင် အချို့မှာ မြင်းကောင်ရေ (၂၅) ကောင်၊ အချို့က (၁၀)ကောင်၊ အချို့က (၅) ကောင် ပေးရန် အကြံု ပေးပါသည်။

## ကျောက်မျက်ရတနာလက်လုပ်လက်စားလုပ်ကွက်

၃ ။ လုပ်ကွက်သတ်မှတ်ရာတွင် ကျောက်မထွက်သော နေရာဒေသများ သတ်မှတ်ပေးခြင်း မပြုရန် တောင်းဆိုပါသည်။ ကျောက်မျက်ထွက်သောနေရာများတွင် လက်လုပ်လက်စား လုပ်ကွက်များ သတ်မှတ်ပေးရန် တောင်းဆိုကြပါသည်။ အချို့မှာ ကျောက်ထွက်သော နေရာများတွင် အလတ်စား များအတွက် တစ်ပုံ၊ အသေးစားလုပ်ကွက်များအတွက် တစ်ပုံ၊ လက်လုပ်လက်စားများအတွက် တစ်ပုံပေးရန် တင်ပြကြပါသည်။

## ကျောက်မျက်ရတနာ လက်လုပ်လက်စားတူးဖော်ရန် အကျယ်အဝန်း

၄။ အချို့မှာ ၁ဧကလုံလောက်သည်ဟု ပြောပါသည်။ အချို့မှာ ထိုမျှပင်မလုံလောက်ဟု ပြောပါသည်။

## ကျောက်မျက်ရတနာ လက်လုပ်လက်စားတူးဖော်ရန် အချိန်ကာလ

၅။ လက်လုပ်လက်လက်စား ကျောက်မျက်တူးဖော်ခြင်းဖြစ်သဖြင့် အချိန်ကာလ သတ်မှတ် ပေးရန်မလိုဟုပြောပါသည်။ အဘယ်ကြောင့်ဆိုသော် အချို့မှာ တွင်းအမျိုးအစား အလိုက် သုံးလ၊ လေးလမျှသာကြာသည်ဟုပြောပါသည်။ ထို့အပြင် အချိန်ကာလ သတ်မှတ်ပါက တွင်းအနေအထား အလိုက် သက်တမ်းတိုးခွင့် ပြုခွင့်ပေးရန် လိုကြောင်း တင်ပြပါသည်။

## မိုးကုတ်မြို့၏ လက်ရှိမြေပြင်အနေအထား

၆။ လက်ရှိမိုးကုတ်မြို့တွင် ကျောက်မျက်တူးဖော်နေသူများမှာ ပုဂ္ဂလိက စီးပွားရေးဦးပိုင် လီမိတက်များ လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ အချို့မှာ သက်တမ်းကုန်ပြီး နောက် သက်တမ်းထပ်မံမတိုးကြပါ။ သက်တမ်းမကုန်သေးသူများ ဆက်လက်လုပ် ကိုင်နေသည်ကို တွေ့ရှိရပါသည်။ သိပ္ပံနှင့် နည်းပညာဦးစီးဌာနမှ ကျောက်မျက်ထွက်သော နေရာများကို ကန့်သတ်ရယူထားသည်ကို တွေ့ရှိရပါသည်။ ၎င်းနယ်မြေတွင် မည်သူမျှ ကျောက်မျက် တူးခွင့် မပြုသည်ကို သိရှိရသော်လည်း စက်ယန္တရားများနှင့် တူးဖော်နေသည်ကို ဒေသခံ များပြောကြား၍ လည်းကောင်း၊ ၎င်းတို့၏ ပြောကြားချက်အရ လက်တွေ့ကွင်းဆင်း ကြည့်ရှု၍ တွေ့ရှိရပါသည်။ အချို့လုပ်ကွက်များတွင် စီးပွားရေးဦးပိုင်လီမိတက်မှ အမည်ခံပြီး အခြားအဖွဲ့အစည်းများအား လုပ်ကိုင်ခွင့်ပြုထားသည်ကို တွေ့ရှိရပါသည်။ လုပ်ကွက် သက်တမ်းကုန်သည့်အခါတွင်လည်း အချို့ မှာ ပြန်လည်အပ်နှံခြင်းမရှိသည်ကို တွေ့ရှိရ ပါသည်။ အချို့မှာ လုပ်ပိုင်ခွင့်ရ အကွက်များပေါ်တွင် အဆောက်အဦးများ အခိုင်အမာ တည်ဆောက်ထားသည်ကို တွေ့ရှိရပါသည်။ ရတနာနယ်မြေ သတ်မှတ်ထားသော မြေများ ပေါ်တွင် ပုံစံ (၇) ထုတ်ပေးထားသည်ကို တွေ့ရှိရပါသည်။ ပုံစံ(၇) ထွက်ရှိပြီးနောက် အခြား နည်းအသုံးပြုခွင့် တောင်းခံလျှောက်ထားပြီး ကျောက်မျက်တူးဖော်ရန် (သို့မဟုတ်) ကျောက် မျက်လုပ်ပိုင်ခွင့် လျှောက်ထားနိုင်ရန်အတွက် လက်ဦးမှုရယူထားသည်ကို သိရှိ ရပါသည်။ လက်လုပ်လက်စားလုပ်ကိုင်သူများ၏ တူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု နည်းပါးပြီး စက်ယန္တရားကြီးများသုံးစွဲပြီး တူးဖော်သည့်အတွက် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု များစွာရှိနေသည်ကို တွေ့ရှိရပါသည်။ လက်လုပ်လက်စားများ စိတ် ကြိုက် တူးဖော် ပြီးသည့်တိုင် အသေးစား၊ အလတ်စားများ ဆက်လက်တူးဖော်၍ ရနိုင် ပါသည်။

## လက်လုပ်လက်စားများ၏ အခြေအနေ

၇။ မိုးကုတ်မြို့တွင် လက်လုပ်လက်စားများတူးဖော်ရန် မြေနေရာမရှိသလောက် ဖြစ်နေပါသည်။ စားဝတ်နေရေး အခက်အခဲဖြစ်နေသည်ကို တွေ့ရှိရပါသည်။ လက်လုပ်လက်စား လုပ်ပိုင်ခွင့် ဥပဒေပေါ်ပေါက်လာရန် မျှော်လင့်နေကြပါသည်။ ၎င်းဥပဒေ ပေါ်ပေါက် လာမှသာလျှင် ဥပဒေနှင့် အညီ စိတ်အေးချမ်းသာစွာလုပ်နိုင်မည်ဖြစ်ကြောင်းနှင့် ဥပဒေအကာအကွယ်လည်း ရနိုင်မည်ဖြစ်ကြောင်းပြောပါသည်။ ထို့အပြင် ဥပဒေမှ သတ်မှတ်သော အခွန်အခများ ထမ်းဆောင်လိုကြောင်း ပြောပါသည်။ ကျောက်မျက်ရတနာလုပ်ကွက် စိစစ်ချထားရေးအဖွဲ့ ဖွဲ့သင့်ပါသည်ဟုတင်ပြကြပါသည်။ ထိုအဖွဲ့တွင် လွှတ်တော်ကိုယ်စားလှယ်၊ မြို့စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့မိမြို့ဖ၊ CSO ၊ ကျောက်မျက်နှင့် ပတ်သက်၍ ကျွမ်းကျင်သူ၊ ဒေသခံလုပ်ကွက်ရပ်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး၊ ဥပဒေနားလည်ကျွမ်းကျင်သူ၊ ရင်းနှီးမြှုပ်နှံသူ၊ ကျောက်မျက်လုပ်ငန်းလုပ်ကိုင်သူများ ပါဝင်စေလိုကြောင်း ဆွေးနွေးပါသည်။

## အကြံပြုသုံးသပ်ချက်

၈။ မိုးကုတ်မြို့၏ အခြေအနေသည် အခြေခံလူတန်းစားများအတွက် ကျောက်မျက်တူးဖော် ထုတ်လုပ်ပိုင်ခွင့် အခွင့်အရေးလွန်စွာ နည်းပါးနေသည်ကို တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ယခင်ပြဋ္ဌာန်းခဲ့သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ပိုင်ခွင့်ချထားခဲ့သည့် အမိန့်ကြေညာစာများကြောင့် လက်လုပ်လက်စားလုပ်ပိုင်ခွင့် အခွင့်အရေးများ မရှိဖြစ်ခဲ့ရပြီး လုပ်ပိုင်ခွင့်ရှိသူ၊ ပုံစံ(၇) လက်ဝယ်ရရှိသူ၊ ငွေကြေးတတ်နိုင်သော လုပ်ငန်းရှင်များသာလျှင် လုပ်ပိုင်ခွင့်ရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ ပုံစံ(၇) ချထားပေးခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိ အထူးစစ်ဆေးသင့်ကြောင်း၊ လိုအပ်ပါက အထူးစုံစမ်း စစ်ဆေးရေးအဖွဲ့ဖွဲ့စည်းပြီး ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော ပုံစံ(၇)ချထားပေးသည့် မြေများကို ပြန်လည်ပယ်ဖျက်သင့်ပါသည်။ ထို့ပြင် လုပ်ပိုင်ခွင့် သက်တမ်းကုန်သော လုပ်ကွက်များအား လက်လုပ်လက်စားများအတွက် ထည့်သွင်း စဉ်းစားသင့်ပါသည်။ လက်လုပ်လက်စားများအား ချထားပေးရာတွင် ကျောက်မထွက်ရှိသော နေရာ ဒေသများတွင် ချထားပေးခြင်း မပြုသင့်ပါ။ လုပ်ပိုင်ခွင့်ရှိသူ လုပ်ငန်းရှင်များထံမှ အခွန်အခများ နိုင်ငံတော်မှ ရရှိနေသည်ဟုဆိုသော်လည်း လက်လုပ်လက်စား တစ်ဦးချင်းစီမှ ရရှိလာသော အခွန်အခများ အကျိုးခံစားခွင့်များကို ပြန်လည်နှိုင်းယှဉ်သုံးသပ် သင့်ပါသည်။ စက်ယန္တရားကြီးများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများကို ပြန်လည်ထိန်းသိမ်းသင့်ပါသည်။ သိပ္ပံနှင့်နည်းပညာဦးစီးဌာနအနေဖြင့် သိမ်းဆည်းထားသော လယ်မြေဧက (၂)သောင်းအပေါ်တွင်

တရားမဝင် စက်ယန္တရားကြီးများဖြင့် တူးဖော်နေမှုအား ပြန်လည်စိစစ်ကြပ်မတ်သင့်ပါသည်။ ပြည်ထောင်စု လွှတ်တော်မှ ရေးဆွဲပြဋ္ဌာန်းထားသော ၂၀၁၈ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေမူကြမ်းပါ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ထ)တွင် ပြဋ္ဌာန်းထားသော "ဝန်ကြီးဌာနက သတ်မှတ်ထားသည့် နေရာ (သို့မဟုတ်) နယ်မြေပြင်ပ ဧရိယာအတွင်း လက်လုပ်လက်စား လုပ်ပိုင်ခွင့်ပြုသည်"ဆိုသော စကားရပ်ကို လက်လုပ်လက်စားအခြေခံ လူတန်းစား အားလုံးက ကန့်ကွက်နေသည်ကို တွေ့ရပါ သည်။ ၎င်းဥပဒေမူကြမ်းတွင် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းဆိုသော စကားရပ်အား အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လက်လုပ်လက်စားများအတွက် လုပ်ပိုင်ခွင့်အခွင့်အရေး ကန့်သတ်လွန်း သည်ဟု ယူဆမိပါသည်။ ဖားကန့်မြို့နှင့် မိုးကုတ်မြို့တို့၏ ကျောက်မျက်တူးဖော်ပုံတို့မှာ တူးဖော်ပုံချင်းမတူညီပါ။ တူးဖော်ရရှိသော ကျောက်မျက်ရတနာအရွယ်အစားချင်း ပထဝီအနေအထားချင်း မတူညီ ကွဲပြားမှု များစွာရှိသဖြင့် ၂၀၁၈ခုနှစ် မြန်မာ့ကျောက်မျက် ရတနာဥပဒေသည် မိုးကုတ်နှင့် ဖားကန့်တွင် ကျောက်မျက်တူးဖော်မှု ပုံသဏ္ဌာန်မတူသည့်အပြင် ရှာဖွေတူးဖော်သည့် ကျောက်အရွယ်အစား၊ သဘာဝပတ်ဝန်းကျင် ကျောက်မျက်ရတနာလုပ်ကွက်များ လုံးဝ ကွဲပြားခြားနားနေပါလျှင် ကျောက်စိမ်းလုပ်ကွက်နှင့် မိုးကုတ်လုပ်ကွက်ရောနှော၍ ဥပဒေ ရေးဆွဲထားခြင်းသည် မသင့်လျော်ဟု အကြံပြုပါသည်။ လုပ်ကွက်တစ်ခုအတွက် လူနည်းစု လုပ်ငန်းရှင်တစ်ဦးထံမှ အခွန် (တစ်သိန်း) ရသည်ထက် ၎င်းလုပ်ကွက်အတွက် လူတစ်ရာ လုပ်ပိုင်ခွင့်နှင့် အခွန်(တစ်သိန်း)ရနိုင်ရန် မူဝါဒ ချမှတ်သင့်ပါသည်။

## နိဂုံး

၁၁။ မန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာ အသေးစားနှင့် လက်လုပ်လက်စား ဥပဒေ ပေါ်ထွက်လာခြင်းကို ဒေသခံများ ကြိုဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် မိုးကုတ်မြို့သည် စိုက်ပျိုးရေး ပြုလုပ်ကြသည့် မြေအမျိုးစားမျိုးမဟုတ်ပါ ဒေသခံအများစုမှာ တနိုင်တပိုင်လုပ်ငန်းဖြစ်သော ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းကိုသာ လုပ်ကိုင်ကြသူများ ဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာ အသေးစားနှင့်လက်လုပ်လက်စား ဥပဒေ အမြန်ဆုံးအကောင်အထည်ဖော် ရေးဆွဲသင့်ပါသည်။

## ပူးတွဲလျက် - ကွင်းဆင်းမှတ်တမ်းဓာတ်ပုံများ

ဥက္ကဋ္ဌ

ဥပဒေပြုရေးဆိုင်ရာကော်မတီ